# Highlights from DVB Debate’s Dealing with Old Laws

## May 7, 2016

## “How to deal with the Old Laws?”

“၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှု အက်ဥပဒေ ဆိုရင် ယနေ့အချိန်ထိ ဒုက္ခပေးဆဲပါ။ ခေတ်အဆက်ဆက်က စစ်အာဏာရှင် အစိုးရရဲ့ အကျိုးစီးပွားကို ကာကွယ်ဖို့ ကျင့်သုံးခဲ့တဲ့ ဥပဒေတွေကိုး”

ဦးသိန်းသန်းဦး - မြန်မာနိုင်ငံလွတ်လပ်သောရှေ့နေများအသင်း အထွေထွေအတွင်းရေးမှူး

---

“ပြည်သူတွေကို အနိုပ်စက်ဆုံး လက်ရှိခံနေရဆဲ ဥပဒေတချို့ ထုတ်ပြောရရင် ပြည်သူတွေကို ကျူးကျော်တယ်ဆိုပြီး ဖယ်တဲ့အခါမှာ သတ်မှတ်ထားတဲ့ ဥပဒေအရက တလမှာ ၁ ကြိမ် ၃ ကြိမ် သတိပေးစာ ပို့ရမယ်. မဖယ်တော့မှသာ တရားစွဲရမယ်ဆိုတဲ့ ဥပဒေကို မသုံးဘဲနဲ့ ရန်ကုန်တိုင်း စည်ပင်သာယာရေး ဥပဒေအတိုင်း တလမှာ ၁ ကြိမ် ၃ ကြိမ်အတွင်း သတိပေးလို့မှ မပြောင်းပေးရင် ဖယ်ရှားရေးအဖွဲ့ ဖွဲ့ပြီး လုပ်မယ့် ဥပဒေပြဋ္ဌာန်းထားတော့ ပြည်သူတွေ အခြေပျက် အနေပျက် ဘဝတွေ ပျက်ရတယ်”

ဦးဌေးဦး(စိန်ဂျွန်း) - အမျိုးသားလွှတ်တော်အမတ်၊ တရားလွှတ်တော်ရှေ့နေ

---

“ဖွဲ့စည်းပုံအခြေခံဥပဒေက ပြင်ကို ပြင်ရမယ်.မပြင်လို့ မရဘူး။ ကျနော်တို့ သိထားတာက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေလို့သာ သိထားပေမယ့် သူ့သက်တမ်းက ၂၅ နှစ်ကျော်လာပြီ။ ဒီတော့ timeline အရ ပြင်ကို ပြင်ရမှာ ”

ဦးတင်မောင်ဦး - ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာ ဆန်းစစ် သုံးသပ်ရေး ကော်မရှင် အဖွဲ့ဝင်

---

“တိုင်းနဲ့ပြည်နယ်အစိုးရတွေက ပြည်ထောင်စုအစိုးရအဖွဲ့ကို ပြန်တရားစွဲတာတွေ ရှိခဲ့တယ် ဥပမာ စီးပွားကူးသန်းကဖွဲ့ထားတဲ့ ပြည်ထောင်စုအဖွဲ့ကို မန္တလေးတိုင်းအစိုးရအဖွဲ့က သူတို့ တိုင်းဥပဒေအရ မှတ်ပုံမတင်လို့ဆိုပြီးတော့ ဒီတော့ တိုင်းနဲ့ပြည်နယ်ကထုတ်ထားတဲ့ ဥပဒေတွေကိုလည်း အကုန် ပြန်စိစစ်ရမယ်”

ဦးသိန်းသန်းဦး - မြန်မာနိုင်ငံလွတ်လပ်သောရှေ့နေများအသင်း အထွေထွေအတွင်းရေးမှူး

---

"ဥပဒေအဘိဓာန်ထဲမှာကို ဝေါဟာရအသုံးအနှုန်းတွေ မှားတာတွေ ရှိတယ်။ ပညာရှင်တွေ တိုင်ပင်ပြီး ပြင်ဆင်ဖြည့်စွက်သင့်တယ်"

ဦးငွေသိန်း(ကုမ္ပဏီလမ်းညွှန်) - ဆောင်းပါးရှင်

"နိုင်ငံတော်က ဖွဲ့စည်းထားတဲ့ ဥပဒေဘာသာပြန်ကော်မရှင် ဆိုတာ ရှိပါတယ်။ သူတို့လုပ်ကိုင်ရမှာဖြစ်တဲ့ အကြောင်း ဖြေပါရစေ"

ဦးဟန်ညွှန့်(ဥပဒေ) - ဥပဒေပညာရှင်

---

"အင်္ဂလိပ်ခေတ်က ရေးဆွဲခဲ့တဲ့ ဥပဒေတွေက အင်္ဂလိပ်လိုတွေချည်းပဲဆိုတော့ ပြည်သူကသပ်သပ် ဥပဒေတွေက သပ်သပ်ဖြစ်နေတယ် ဒါကြောင့် ကျနော်တို့ ကော်မရှင်က ကိုလိုနီခေတ်က ဥပဒေတွေကို ဦးစားပေး အရင်ပြင်နေတယ်"

ဦးတင်မောင်ဦး - ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာ ဆန်းစစ် သုံးသပ်ရေး ကော်မရှင် အဖွဲ့ဝင်

---